**တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ် အစည်းအရုံးတို့ပါဝင်လက်မှတ်ရေးထိုးခြင်းကို ကြိုဆိုထောက်ခံကြောင်း သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၁၈)**

၁။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် ပြည်သူတစ်ရပ်လုံးသည် တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဆန္ဒပြင်းပြလျက်ရှိကြပါသည်။

၂။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးက လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိရာ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့တို့သည် NCA တွင် ပါဝင်လက်မှတ် ရေးထိုးကြပြီးဖြစ်ပါသည်။ လက်မှတ်ရေးထိုးခြင်းမပြုရသေးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအနက် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့သည် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နေပြည်တော်၌ ပြည်တွင်းပြည်ပကိုယ်စားလှယ်များ သက်သေပြု၍ လက်မှတ်ရေးထိုးခဲ့ကြသည်ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကြိုဆိုထောက်ခံပါသည်။

၃။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းရေးအတွက် NCA တွင် ပါဝင် လက်မှတ်ရေးထိုးခြင်းမပြုရသေးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့်လည်း NCA ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်သူများ၏ဆန္ဒနှင့်အညီ ကြိုးပမ်း ဆောင်ရွက်ကြပါရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်